အကြမ်းဖက် စစ်တပ် လက်အောက်ခံ တပ်မ(၈၈)၊လက်အောက်ခံတပ်ရင်း (၃၁၇) ကျူးလွန်မှု



# စစ်ကိုင်းတိုင်း၊ ကသာမြို့နယ်မှ ဗန်းမော်မြို့နယ်သို့ စစ်သဘော်ဖြင့်ဆန်တက်လာသည့် အကြမ်းဖက်စစ်အုပ်စုသည် ကသာမြို့နယ် တုပ်ကြီးရွာ သို့ စစ်သဘော်ပေါ်မှ လက်နက်ကြီးများပစ်ခတ်ကာ ကျေးရွာ အတွင်းဝင်ရောက်ခဲ့၍ နေအိမ်(၄၅)လုံးအားမီးရှို့ခြင်း၊ ပြည်သူ(၇)ဦး အား သတ်ဖြတ်ခြင်း များပြုလုပ်သည့်ဖြစ်စဉ်





SEPTEMBER 17 2023

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန က တင်ပြသည်။

# ဖြစ်စဉ်အကျဉ်း

## တပ်မ (၈၈)

စက်တင်ဘာလ (၁၇) ရက်မနက် (၉)နာရီကျော်အချိန်ခန့်တွင် ကသာမြို့မှ ဧရာဝတီမြစ်ကြောင်းအတိုင်းဗန်းမော်မြို့သို့ စစ်သင်္ဘော(၆) စီးဖြင့် လာသည့် တပ်မ (၈၈) ၊လက်အောက်ခံ တပ်(၃၁၇) နှင့် PDF များ တိုက်ပွဲဖြစ်ပွား၊ အကြမ်းဖက် စစ်အုပ်စုက တုပ်ကြီးရွာသို့ လက်နက်ကြီးများ ဖြင့် ပစ်ခတ်ကာစစ်သင်္ဘောအားကျောက်ချပြီးနောက် အင်အား (၁၅) ယောက်ခန့် တုပ်ကြီးရွာအတွင်းသို့ ဝင်ရောက်။



## နေအိမ် (၄၅) လုံးမီးလောင်

နေ့လယ် ၁၂း၂၃ အချိန်တွင် တုပ်ကြီးရွာကို စတင် မီးရှို့ခဲ့ပြီး နေအိမ် (၄၅)လုံးမီးလောင်ခဲ့ကာ ထွက်ပြေးသည့် ပြည်သူများကို အကြမ်းဖက် သတ်ဖြတ် မီးရှို့မှုများ ပြုလုပ်ခဲ့။

## သေနတ်ဖြင့် ပစ်သတ်ခံရသည့် ပြည်သူ (၂) ဦး

- ရွာသား ကိုရဲမောင်အား သေနတ်ဖြင့်ပစ်သတ်၍၎င်း နေအိမ်အား မီးရှို့ခဲ့ပြီး တပ်ဆုတ်ခွါပြီးချိန် ရွာသားများအချိန်မီရောက်လာသဖြင့် အလောင်းအား မီးမစွဲခဲ့။
- ရွာသား ကိုညဏ်ထွန်း(ခ) ကိုကိုက်ကိုက်အား သေနတ်ဖြင့် ပစ်ခတ် သတ်ဖြတ်ခဲ့သဖြင့် ဘယ်ဘက်မေးစေ့အောက်တွင် ၄ လက်မခန့်အပေါက်ဒဏ်ရာဖြင့်သေဆုံးခဲ့။

## အရှင်လတ်လတ် မီးရှို့ ခံရသည့် ပြည်သူ(၂) ဦး

- ရွာသား ဦးအောင်လင်းနှင့် ဦးခင်မောင်ဌေး(ဟုယူဆရသူ) တို့အား စာသင်ကျောင်းအပျက်နားရှိ အဆောက်ဦတခုတွင် ၎င်းတို့ (၂) ဦးအား ၂ပေခန့်စီ ခွာ၍ အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့။
- ရွာသား (၃) ဦးမှာလည်း ရုပ်အလောင်းမတွေ့ရဘဲ ပျောက်ဆုံးနေဆဲဖြစ်။

# အကြမ်းဖက်စစ်အုပ်စု၏သတ်ဖြတ်မှုကြောင့်သေဆုံးခဲ့ရသော အပြစ်မဲ့ ပြည်သူများ စာရင်း

| စဉ် | အမည် | အသက် | အဖအမည် | နေရပ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁. | ကိုရဲမောင် | ၃၀ | ဦးတင်အုန်း | သံပုရာကုန်းရွာ | သေနတ်ဖြင့်ပစ်သတ်ခံရ |
| ၂. | ကိုညဏ်ထွန်း (ခ) ကိုကိုက်ကိုက် | ၃၈ | ဦးပြူး | သံပုရာကုန်းရွာ | သေနတ်ဖြင့်ပစ်သတ်ခံရ |
| ၃. | ဦးအောင်လင်း | ၄၁ | ဦးသိန်းတန် | တုပ်ကြီးရွာ | မီးရှို့ခံရ |
| ၄. | ဦးခင်မောင်ဌေး | ၄၃ | ဦးကျော်ဝင်း | တုပ်ကြီးရွာ | မီးရှို့ခံရ |
| ၅. | ကိုအောင်သန်း | ၂၃ | ဦးအောင်ဌေး | တုပ်ကြီးရွာ | ပျောက်ဆုံးနေဆဲ |
| ၆. | ကိုချဲ | ၂၂ | ဦးမောင်တင် | တုပ်ကြီးရွာ | ပျောက်ဆုံးနေဆဲ |
| ၇. | ကိုဘိုဘိုထွန်း | ၂၁ | ဦးဆန်းမောင် | တုပ်ကြီးရွာ | ပျောက်ဆုံးနေဆဲ |















# အကြမ်းဖက် စစ်အုပ်စုကျူးလွန်သည့်ဓာတ်ပုံ အထောက်အထားများ

# WAR CRIMES OF JUNTA